ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

<u>ညွှန်ကြားချက်</u>

အမှတ်၊ ၁ /၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ( ၁၄ ) ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

**နိုင်ငံခြားဖက်စပ်အသွင်ဖြင့် ဖွဲ့စည်းထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား တာဝန်ခံ၍ တဆင့်ဖြန့်ချိရောင်းချခြင်း (Underwriting) နှင့် ကိုယ်ပိုင်ရောင်းဝယ်ခြင်း(Dealing) ဆောင်ရွက်ခွင့်ပြုရန်ကိစ္စ**

၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၁၃)၊ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များအား ကျင့်သုံး၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံခြားဖက်စပ်အသွင်ဖြင့် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား တာဝန်ခံ၍ တဆင့်ဖြန့်ချိရောင်းချခြင်းနှင့်ကိုယ်ပိုင်ရောင်းဝယ်ခြင်း ဆောင်ရွက်ခွင့်ပြုရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။ ဤညွှန်ကြားချက်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်ပြဋ္ဌာန်းသည့်နေ့အထိသာ အကျိုးသက်ရောက်သည်။

၂။ တည်ဆဲမြန်မာကုမ္ပဏီများအက်ဥပဒေအရ နိုင်ငံခြားဖက်စပ်အသွင်ဖြင့် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် စာရင်းဝင်ကုမ္ပဏီများ၏အစုရှယ်ယာများအား ငွေချေး သက်သေခံလက်မှတ်များကို တာဝန်ခံ၍ တဆင့်ဖြန့်ချိ ရောင်းချခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းဆောင်ရွက်သည့်အခါ ၎င်းတို့လက်ဝယ်၌ အစုရှယ်ယာများ ကျန်ရှိမည်ဆိုပါက စာရင်းဝင်ကုမ္ပဏီများသည်နိုင်ငံခြား ကုမ္ပဏီအဖြစ်သို့ အလိုအလျောက် ပြောင်းလဲသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၁-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ၏ သဘောတူညီချက်အရ နိုင်ငံခြားဖက်စပ်အသွင်ဖြင့် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား မြန်မာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနည်းတူ တဆင့်ဖြန့်ချိရောင်းချခြင်း၊ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို အောက်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်ခွင့်ပြုလိုက်သည်-

(က) အကယ်၍ လက်ဝယ်ကျန်ရှိသည့်အစုရှယ်ယာများရှိပါက ၎င်းတို့အတွက် မဲပေးခွင့်ကို စွန့်လွှတ်ရမည်။

(ခ) ငွေချေးသက်သေခံလက်မှတ်များအား တာဝန်ခံ၍ တဆင့်ဖြန့်ချိရောင်းချခြင်းနှင့်ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစုရှယ်ယာများကို (၃)လအထိ ပိုင်ဆိုင်ခွင့်ပြုသည်။အကယ်၍ အစုရှယ်ယာ ရောင်းချမှုမှာ (၃)လ ကျော်လွန်သည့်တိုင် မပြီးဆုံးပါက ကော်မရှင်သို့ အကျိုးအကြောင်းဖော်ပြ၍ ခွင့်ပြုချက်တောင်းခံရန်ဖြစ်ပါသည်။

(ဂ) နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်များပါဝင်သည့် အစီရင်ခံစာအား လစဉ် လကုန်ပြီး (၁၀)ရက်အတွင်း ကော်မရှင်သို့ တင်ပြရမည်-

(၁) စာရင်းဝင်ရှယ်ယာ၏အမည်၊ရှယ်ယာအရေအတွက်၊ ရှယ်ယာဈေးနှုန်း၊

(၂) ဝယ်ယူသည့်ရက်စွဲ၊အကျိုးအကြောင်းဖော်ပြချက်၊ဝယ်ယူသည့်နည်းလမ်း၊

(၃) ရှယ်ယာထုတ်ရောင်းမည့်အစီအစဉ်၊ရှယ်ယာ၏အနာဂတ်အလားအလာ၊

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ကော်မရှင်/ဈေးကွက်ကြီးကြပ်/၉၈၄/၂၀၁၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၇ ရက်

ဖြန့်ဝေခြင်း

-ညွှန်ကြားရေးမှူးချုပ်၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-မန်နေးဂျင်းဒါရိုက်တာ၊ရန်ကုန်စတော့အိပ်ချိန်း
-ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ